# သခင့်စကား

## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

**၁၄ နှစ်ပြည့် သခင့်စကား** သခင့်စကား ၁-၁၆၉

ယေရှုက ငါသည် ရှင်ဘုရင်မှန်၏။ -- သမ္မာတရားနှင့် စပ်ဆိုင်သမျှသော သူတို့သည် ငါ့စကားကို နားထောင်ကြသည်။ ယော ၁၈း၃၇

စက်တင်ဘာလ ၂၀၀၁ မှသည် ၂၀၁၅ ထိတိုင် - 14




အမှတ်စဉ် (၁၆၉) စက်တင်ဘာလ ၂၀၁၅ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001




### ၁၄ နှစ်မြောက် သခင့်စကား (မင်းအောင်သက်လွင်)

လုပ်ဖော်ဆောင်ဘက်တွေ ရပ်တန့်ထွက်၊ ယုံကြည်ခြင်းနဲ့ ရှေ့ကိုဆက်။
စာတန် ဘယ်လောက်ဘဲ ကုတ်ဖဲ့ကုတ်ဖဲ့ ၊ မယိုင်လဲ ဘဲ ခရီးဆက်။
မလိုသူတွေ ဘယ်လိုဘဲ ကဲ့ရဲ့ကဲ့ရဲ့ ၊ မရှက်ရွံ့ဘဲ ရှေ့ကို တက်။
ခရီးဖော်တွေ လက်တွဲ ဖြုတ်ခဲ့ ဖြုတ်ခဲ့၊ အပြုံးမပျက် လမ်းလျှောက်လျှက်။
ရိက္ခာစားစရာတွေ ဘယ်လိုဘဲ ချို့တဲ့ချို့တဲ့ ၊ အာဟာရ တက် လမ်းလျှောက် မပျက်။
အားပေးသူတွေ ချိုမျက်နှာ ဘယ်လိုဘဲ ရှုံ့မဲ့ရှုံ့မဲ့ ။ တို့ကတော့ စာရေး မပျက်။
မဆိုင်သူတွေ ဘယ်လိုဘဲ စွက်ဖက် စွက်ဖက်၊ တို့ကတော့ ပုံဆွဲ မပျက်။
မနာလိုသူတွေ ဘယ်လောက်ဘဲ မငဲ့ကွက် မငဲ့ကွက်။ တို့ကတော့ ဟန်ချက် မပျက်။
ငြိုငြင်သူတွေ ဘယ်လောက်ဘဲ စွဲချက် စွဲချက်၊ တို့ကတော့ လေချွန်လျှက်။
သွေးဆောင်မှုနဲ့ ရင်ဆိုင်တိုးလဲ ၊ ချော်လဲ ပြန်ထ ခရီးထွက်။



အားပေးသံတွေ တိတ်သွားလဲ ၊ ဇာတ်ခုံ ပေါ်မှာ အက မပျက်။
ငါ ထမ်းနေတာ သခင့် ကားတိုင်။ ငါ နင်းနေတာ သခင့်ခြေရာ
ငါ ရေးနေတာ သခင့် စကား ။ ငါ ကြားနေတာ သခင့် တရား။
အကယ်၍ - ငါသာ လဲချင် လဲသွားမယ်၊ သခင့် အလံ ဘယ်တော့မှ မလဲ၊
ငါ့နှလုံးသားက ညစ်နေလဲ သခင် ကတော့ သုံးနေဆဲ ။
ငါ့ စိတ်ဓါတ်က ဖောက်ပြန်နေရင်လဲ သခင်က လက်ခံ အသုံးပြုနေဆဲ။
ငါ့ အပြစ်တွေက နီရဲ နေလဲ ၊ သခင်က ချစ်နေဆဲမို့ -
လက်ကမ်း ကြိုသူ မရှိလဲ၊ လက်တွဲဖော်တွေ လျော့သွားလဲ
ငါရေးတဲ့ စာ ငါ ပြန်ဖတ် ၊ ငါကျေနပ် နေတတ်ပါတယ်။
ကောင်းကင်မြေကြီး မတည်သော်ငြားလဲ ထာဝရ တည်မယ့် သခင့်စကားဘဲ။ ၊




---

### Happy Birthday The Lord's Word

*နော်အဲ (ကိုင်းပြင်ကြီးအသင်းတော်၊ ဆရာစံ သာသနာနယ်)*



ကဲ့ရဲ့ခြင်းရဲ့ နောက်ကွယ်မှာ ချီးမွမ်းသံလဲ စာ။
မှားတယ်လို့လဲ ကဲ့ရဲ့ကြ ၊ မှန်တယ်လို့လဲ ချီးမွမ်းရ။
ရယ်လဲ ရယ်ရ ၊ မျက်ရည်လဲ ကျ။
ဒီလို ဒီလို ကြားတွေထဲက ပညာတွေလဲ ရ။
ဖတ်ဖူးခဲ့တဲ့ စာထဲမှာ The Lord's Word လဲ အရေးပါ။
လစဉ် ရတဲ့ ဝိညာဉ်ရေး The Lord's Word က သွန်သင်ပေး။
လူတိုင်း ရရှိတဲ့ ကောင်းကြီး ဟာ။ The Lord's Word က မှတ်တမ်း ပြုမှာ။
ချစ်သော ညီအစ်ကို မောင်နှမများ ၊ The Lord's Word ကို ဖတ်ဖူးလား။
ဆယ့်လေးနှစ် တိုင် ရပ်တည်ခဲ့ ၊ အဲဒီ The Lord's Word ရဲ့ အသက်။
ဆက်လက် ရှင်သန် နိုင်ဖို့အရေး ၊ တို့တွေ - တို့တွေ ဆုတောင်းပေး။
Thank You, the Lord's Word and the Lord's Heart.
May GOD give you long long life.



---

### သူ့ကြောင့် သူ့ကြောင့် (ဖွန်ပန်း)

**သူ့ကြောင့်**



သူက ငါ့ကို အနိုင် ယူတယ်။
သူနဲ့ ပေါင်းလို့ ငါ နစ်နာတယ်။
သူ့ကို ငါက အမြဲ သည်းခံရတယ်။
သူ့ကို ငါက အမြဲ ဦးစားပေးနေရတယ်။
သူ့ကြောင့် သူ့ကြောင့် လို့ အမည်တပ်ပြီး -
ငါဆိုတဲ့ ငါ့ရဲ့အပြုအမူ။ ငါဆိုတဲ့ ငါ့ရဲ့လုပ်ရပ်
ငါဆိုတဲ့ ငါ့ရဲ့အတ္တ ။ ငါဆိုတဲ့ ငါ့ရဲ့ မာန
ငါဆိုတဲ့ ငါ့ရဲ့ နှလုံးသားလေးကိုရော
အမည်တပ်ပြီး ဆန်းစစ်မိရဲ့လား။ ။



### ငါနဲ့ဆရာ (မင်းအောင်သက်လွင်)

**ငါနဲ့ဆရာ**

ငါ့ လောကခွင် ငါ့ ဂန်းကျင်မှာ -
ဆရာတွေ ပေါများ၊ ဆရာတွေ လမ်းသလား၊ ဆရာတွေ စုပါစတား ဖြစ်နေကြပေါ့။
ဆရာကို အာခံ အာခေါင်ကို လှံစူး။ ဆရာကောင်းတပည့် ပန်းကောင်း ပန်။
ဆရာထက် တပည့် လက်စောင်းထက်။ ငါးပိ ဖုတ်ရင်တောင် ဆရာ လိုတယ်။
ဆရာ မပြ နည်းမကျ သမို့ ဆရာ စား မချန်ကြပါစို့နဲ့တဲ့။
အို - ဘာတဲ့ - ဆိုက္ကား ဆရာ။ ကျူရှင် ဆရာ။ ဗေဒင် ဆရာ။ ဗိန္ဓော ဆရာ
ကဖီးဆိုင်က ဖျော် ဆရာ၊ မုန့် ဆရာ။ လက်သမား ဆရာ၊ တရားဟော ဆရာ
စာရေး ဆရာ၊ ကား ဆရာ။ ဘိုင်စကုတ်ဒါရိုက်တာ ဆရာ။



ဟိုး - တောခေါင်ခေါင်မှာ ဆိုရင် နွား ဆေးကုတဲ့ ဆရာ ဆိုတာ
ပေါ်ပြူလာ အဖြစ်ဆုံးပါလား။
ငါ့ လမ်းဆုံ လမ်းခွမှာ ဆိုက္ကား ဆရာတွေက မင်းမူ ကြီးစိုး။
ငါ့ လမ်းဘေး ပလက်ဖောင်းပေါ်မှာ ဗေဒင် ဆရာက နေရာယူ ထီးမိုး။
ငါတို့ ဂျာနယ် စာမျက်နှာမှာ စာရေး ဆရာတွေက ကလောင်ဆူ အုပ်စိုး။
ငါ့ ကော်ဖီဆိုင်မှာ ဖျော် ဆရာတွေက အသံဆူ လက်သည်းထုတ် အာဏာရ။
ငါ့ လမ်းထိပ် ကဖီးဆိုင်မှာ မုန့် ဆရာတွေက အစွယ်ထုတ် ပညာပြ။
စာသင်ခန်းမှာ ကျူရှင် ဆရာတွက တုတ်တပြပြနဲ့ အာဏာရ လက်စွမ်းပြ။
ဘုရားကျောင်း ပလ္လင်ပေါ်မှာ တရားဟော ဆရာတွေက တရားချ ပါဂါ တသသ။
လောကတခွင် လူ့ပလ္လင်မှာ ဆရာတွေ ပေါများ။



ငါ သာလျှင် အထာကျ သမ္မာကျတဲ့ ဆရာကွ ဟုဆိုကာ
တန်ခိုးပြ၊ တရားချ၊ ပါဂါပြ၊ နိမိတ်ပြ ပြီး မကြာခန သရဖူ လုနေကြလေရဲ့။
"စပါးကို ဖျက် ကြွက်၊ ဆရာကို ဖျက် ဒဘဲ့ (တပည့်)" တဲ့။
နေရာတကာ ဆရာ လုပ်ချင်သူများနဲ့ ကိုယ့်ကို ဆရာလုပ်တာ မခံလိုသူများ။
စားလွန်းတဲ့ ဆရာများ ရှိနေ ရခြင်းဟာ -



ဖားလွန်းတဲ့ ဒဘဲ့ (တပည့်)များကြောင့်လဲ ပါတယ်တဲ့။
သဘောသား လောကမှာ ခေတ်စားတဲ့ စကား တစ်ခွန်းကတော့
သူများ မလုပ်ဖူးတဲ့ အလုပ်ကို လုပ်ဖူးတဲ့ သူသာလျှင် ဆရာကြီး တဲ့။
သို့ပါသော်လဲ - ငါ့ကိုယ်၌က ဆရာ မဟုတ်။ ဘာ မဟုတ်၊ ညာ မဟုတ်တဲ့ အာပလာ
အနုတ်အစုတ်မို့ - ငါ့ လောကခွင် ငါ့ဂန်းကျင်က ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ၊
ဆရာပေါင်းများစွာကို ဆလံပြ အလေးပြု၊ ကဗျာရေးကာ ဆက်သ လိုက်ပါသည်။
ဆရာ့ရဲ့ ဆရာတောင် ဆရာ့လောက် ဆရာ မလုပ်ခဲ့တာမို့
ဆရာ သာလျှင် ဆရာ ပါဘဲ ဆရာရယ် ဟူ၍သာ -။ ။
(စက်တင်ဘာ ၄ရက် ၂၀၁၅ ခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဆရာများနေ့ အမှတ်တရ။)

---

### သခင့်ကြောင့် (သိုးသူငယ်-ဒါးက)

**သခင့်ကြောင့်**

ဂမ်းနည်းခြင်းနဲ့ မိတ်ဖွဲ့မိလို့ ဂမ်းနည်းနေရတာ မဆန်းပါဘူး။
စိတ်ပျက်ခြင်းတွေ ထုပ်ပိုးထားလို့ စိတ်ပျက်စရာတွေ ထမ်းနေရတာ ငါသိနင့်ပြီဘဲ။
အားငယ်စရာတွေ တွေးနေမိလို့ အားငယ်နေရတာ ကိုယ်တိုင် အသိဆုံးဘဲလေ။
ကြေကွဲစရာတွေ ရင်ဂယ်ပိုက်ထားမိတော့ မျက်ရည်မိုးထဲ နှံ့နစ်လမ်းပျောက်နေရပြီပေါ့။
ဦးကျောက်ကလဲ သုံးစားမရအောင် အတွေးခေါင်၊
နှလုံးသားလဲ ဖွာလန်ကြဲလို့ ငါဆိုတာ သေပြီ။



ဘာလို့ ဂမ်းနည်း နေရမှာလဲ။ ငါက အပျော်ရွှင်ဆုံး လူ။
ဘာလို့ စိတ်ပျက်နေရမှာလဲ။ ငါက အတော်ဆုံး လူ။
ဘာလို့ အားငယ်နေရမှာလဲ။ ငါက အအောင်မြင်ဆုံး လူ။
ဘာလို့ ကြေကွဲနေရမှာလဲ။ ငါဘာမှ မဆုံးရှုံးသေးဘူး။ (ငါက အထင်ပေါ်ဆုံး လူ။)
ငါ့ရဲ့ အဖေက အရာအားလုံးရဲ့ သခင်ဘဲလေ။
ငါက မွေခံထိုက်တဲ့ သမီးတစ်ယောက် အရာအားလုံး ငါပိုင်တယ်။သခင့်ကြောင့် -။ ။



**(၁၄) နှစ်မြောက် နှစ်ပါတ်လည် အမှတ်တရ**

စက်တင်ဘာလ ၂၀၀၁ ခုနှစ် မှ
စက်တင်ဘာလ ၂၀၁၅ ခုနှစ် အထိ

## အလင်းမဲ့ မီးအိမ် (ဂတုံး)



အမြင်တွေက မထင်ရှား ဝိုးတဝါးနဲ့
ကွဲပြားသည့်ဟန် ဖြစ်နေပြန်တော့
ကြည့်လို ကြည့်ငြား ကြိုးစားသော်လဲ
အမြင်တွေလဲ လွဲနေမြဲမို့ ဇာတ်သာ ထုံလို့ ညောင်းရတယ်။

--------------------------------

## သခင့်ပုခုံးထက်မှာ S.James



ပိုကြွေးခြင်းနဲ့ ဒဏ်ရာတွေက ဒီနှလုံးသားကို နှိပ်စက်နေချိန်
မိုး မမြင် လေမမြင်တော့ဘဲ စိတ်စေရာဆီ အပြေးသွားချင်မိ
ရုန်းရင်းခတ် ထွက်ပြေးဖို့ ရွယ်ချိန်မှာ
ဆွဲနှုတ်မရ ငါ့လက် တစ်စုံကို
သမင်လည်ပြန် လှည့်ကြည့်မိတော့
ကိုယ်တော်က ငါ့အား ဆွဲထားနေ။
လုံခြုံနွေးထွေးတဲ့ သူ့ ပုခုံးထက် အသာအယာ ငါ့အား မှေးစက်စေခဲ့။
နေပင်ချိန်မှာတောင် အနားမှာ သူရှိပေး။ ခိုင်ခံ့တဲ့ သူ့ပုခုံးထက်မှာ
ခိုဝင်ကာ မှီလိုက်ချိန်မှာတော့ ကျပျောက်ခဲ့တဲ့ အရင်က အပြုံးတွေကို
အသစ်တစ်ဖန် ပြန်ရသွားခဲ့တယ်။ ။

--------------------------------

## ဥယျာဉ်မှူးရဲ့ သက်သေခံချက် ဖွန်ပန်း



၁၁.၃.၂၀၁၅ စာရေးသူ တို့ သားအမိ ဘဝလေးထဲကို မမျှော်လင့်သော အချိန်မှာ စာတန်ဟာ မင်းသမီးလေး အသွင်နှင့် ဝင်ရောက်လာခဲ့တယ်။ စာရေးသူ၏ အိမ်မက် တွေကို ဖျက်စီးဖို့ စာတန်ဟာ သေချာစွာ စနစ်တကျ စီစဉ် အကွက်ချပြီးမှ ဝင်လာခဲ့တာပါ။ စာတန်ရဲ့ လှည့်ကွက်က လိမ္မာ ပါးနပ်ပါတယ်။ စာရေးသူဟာ သူ စိုက်ထားတဲ့ ပန်းကလေးတွေကို အရိပ်တကြည့်ကြည့်နှင့် အေးမြတဲ့ သာသနာ ရိပ်မှာ ပွင့်လန်းတာ မြင်ချင်လို့ အေးမြတဲ့အရိပ်က ဥယျာဉ်မှူးတွေဆီ ရေလောင်း ပေါင်းသင်ဖို့ အပ်နှံ ထားတဲ့ အချိန်။ စာတန်ဆိုတာ နေရာအမျိုးမျိုးက ဝင်နိုင်တယ်ဆိုတာ မသိတဲ့ ပန်းကလေး ဟာ သူ့ကို မြတ်နိုးတဲ့ အရိပ်တွေနှင့် စိုက်ပျိုးထားတဲ့ ပိုင်ရှင်လက်က နေရော၊ ရေလောင်း ပေါင်းသင် နေတဲ့သူတွေ လက်ထဲကနေပါ စွဲနှုတ် ယူသွားခဲ့တာကို သိကော သိရဲ့လား။ တွေးမိရဲ့လားတောင် မသိရှာပါဘူး။

အချိန်တန်တဲ့ တစ်နေ့မှာ ပန်းကလေးကို ခူးမည့် ပိုင်ရှင်ဟာ အလိုလို ပေါ်လာရင် ပေးလိုက်ရမယ် ဆိုတာ စိုက်တဲ့ အချိန်ကတည်းက သိထားပြီးသားပါ။ အဲ့ဒီ အချိန်မကျခင် စိုက်ပျိုးသူသာ ပိုင်ဆိုင် နေပါတယ်။ သူ စိုက်ပျိုးတဲ့ ပန်းကလေးတွေ ဝေဆာ ဖွင့်လန်း နေတာကို ကြည့်ပြီး ဥယျာဉ်မှူးတိုင်း ရင်မှာ ပီတိ ဖြစ်နေမှာပါ။ သူတို့၏ ပန်းလေးတွေကိုလည်း တင့်တယ်တဲ့ မြေနေရာမှာ ရောက်နေစေချင်တာလဲ ဥယျာဉ်မှူးတိုင်း၏ စေတနာ အရင်းခံ ပါဘဲ။ ပန်းလေးတွေ လှပဖို့၊ ရှင်သန်ဖို့ကလည်း လောင်းရုံဖြင့် မရဘူးလေ၊ မြေဆွ ပေးရမယ်။ ဝေဆာပွင့်လန်း နိုင်အောင် အဟာရတွေ တိုက်ကျွေး ရမည် မဟုတ် ပါလား။

အဲ့ဒါကို သိတဲ့ စာတန်က ပန်းကလေးဘဝ ညှိုးနွမ်းဖို့အတွက် လှလှ ပပလေး ဝင်လာတာကတော့ ယောက်ျား အသွင်ထက် မိန်းကလေးအသွင်က ပို အဆင်ပြေမယ် ဆိုတာ သိတဲ့ စာတန်၏ လှည့်ကွက်ပေါ့။ ဒီ ပန်းကလေးကို အရမ်း မြတ်နိုး၊ ဒီ ပန်း ကလေးမှ ဘေးမှာ မရှိရင် သူ့ဘဝ မပျော်ရွှင်တဲ့ ပုံစံနဲ့ စိုက်ပျိုးသူ၏ လက်ထဲမှ ဆွဲယူ လိုက်သလို သာသနာ့ နယ်မြေမှာ ပျော်ရွှင်စ ပြုနေတဲ့ ပန်းကလေးကို ရေလောင်းသူ ပေါင်းသင် မြေဆွ နေတဲ့ လက်ထဲကနေ တဖြည်းဖြည်း နှုတ်ယူ သွားလိုက်တာ စိုက်ပျိုးသူ၏ ပျော်ရွှင်မှုတွေလည်း ပျောက်ကွယ် သွားခဲ့ရတယ်။ ပျိုးပိုင်ရှင်၏ နှလုံးသားထဲကနေ ဆွဲထုတ်ရုံတင် မကဘူး။ ရေလောင်း ပေါင်းသင်တဲ့ မြေနေရာကနေပါ တစ်စစီ ဆွဲနှုတ်ပြီး ပန်းကလေးကို အရမ်း ချစ်ပါတယ် ဆိုတဲ့ စာတန်က အဝေး ကို လွှင့်ပစ်ပြီး သူ မဟုတ်သလိုပါဘဲလား စာတန်ရယ်။ စာတန် ဆိုတာ နည်းမျိုးစုံနှင့် ဝင်ရောက်တတ်ပါလားနော်။ ဥယျာဉ်မှူး ဆိုတာ သူ စိုက်ပျိုးထားတဲ့ အရာတွေကို ချစ်ပြီး တန်ဖိုးထားစမြဲပါ။ သီးတွေကိုလည်း သီးပိုင်ရှင်က တန်ဖိုး ထားသလို လူသားတွေကလည်း သူတို့၏ သားသမီးတွေကို ချစ်မြတ်နိုးတာပါပဲပေါ့။

ထိုအရာတွေ အားလုံး၏ အထက်မှာ တကယ် စစ်မှန်တာ ချစ်နိုင်သူ ဆိုလို့ တစ်ဦး တစ် ယောက် အပေါ်မှာတောင် မဟုတ်ဘူး။ တစ်လောကလုံးမှာ ရှိတဲ့ သက်ရှိ အားလုံး ကို ချစ်တာ ယေရှုဘုရား တစ်ပါးတည်းသာ ရှိတာပါ။ သူက အားလုံးကို အသက် ပေး ချစ်ပြ သွားတာပါ။ သူ့ကို မချစ်လို့ သူ့ကို ဦးစား မပေးလို့ သူ့ကို အနိုင် မပေးလို့ အသာစီး မရလို့ မျက်ရည် မကျပြဘူး။ စိတ် မကောက်တတ်ဘူး။ မနာလိုမှု မရှိဘူး။ သူက သူ ဖန်ဆင်းတဲ့ သားသမီး အားလုံး ပြုံးပျော်ပြီး သူ့ အိမ်တော် အရိပ်မှာ ခိုလှုံတာကိုဘဲ မြင်ချင်တဲ့ဘုရား ဖြစ်တယ်။ စာတန် ကတော့ သူများတွေ ပြုံးပျော်နေရင်လည်း မနာလိုဘူး။ သူများတွေ သူ့ထက် လှပ မှာကိုလည်း မနာလိုဘူး။ သူ့ကို မချီးမွမ်းဘဲ အခြားသူကို ချီးမွမ်းတာ မလိုချင်ဘူး။ သူ့ကို ဦးစား မပေးရင်လည်း စိတ်ကောက်ပြတယ်။ စာတန်က အမြဲဘဲ အနိုင်ဘဲ လိုချင်တယ်။ အဲ့ဒီ လှည့်ကွက်ကို မသိ ရှာတဲ့ ပန်းကလေး ကတော့ အေးမြတဲ့ အရိပ်ကနေ ဝေးလို့ သွားပြီပေါ့။ အားလုံး သော လူသားများကလည်း သိရှိပြီး အချစ်စစ်နှင့် မေတ္တာမှန် ဆိုတာ ယေရှု တစ်ပါးထဲ မှာဘဲ ရှိမှာပါ။

ဥယျာဉ်မှူး၊ သီးပိုင်ရှင်၊ သီးထိန်း တွေက ဘုရားသခင် ခန့်အပ် ထားသော ပြုစု ပျိုးထောင်သူပါ။ လူတွေ လောကမှာ ရှိနေချိန် ခဏ သူ့ကိုယ်စား ပြုစု စောင့်ရှောက် ထိန်းကျောင်းပေးနေရတာပါ။ တစ်နေ့ အချိန်တန်ရင် ပိုင်ရှင် ဖြစ်တဲ့ အဖ ဘုရား လက်ထဲပြန်ထည့် ပေးရမှာပါ။ အဲ့ဒါကို သိမြင်ပြီး မိမိဘဝ စာတန် လက်မှ လွတ်နိုင်ကြပါစေလို့......။ စေတနာ ရေးထားလျက်- ဖွန်ပန်း။

--------------------------------

## ပြား-၅၀

### ပြားငါးဆယ် နှယ်ဝေမွန်(ပြည်)

ပြားငါးဆယ် (၅၀ပြား) ဆိုသည်မှာ တစ်ကျပ်၏ ထက်ဝက်၊ တစ်နည်း သော်ကား ငါးမူး ဟု လူတော်တော် များများက ခေါ်ကြပါတယ်။ သင်္ချာစကားဖြင့် တန်ဖိုး ဖွင့်လျှင် တစ်ကျပ်၏ ငါးဆယ်ရာခိုင်နှုန်း ဖြစ်ပါသည်။




သို့ဖြစ်လျှင် ကျွန်တော် သည် ပြား(၅၀)တန် ခရစ်ယာန် တစ်ယောက် ဖြစ်ခဲ့ဖူးပါသည်။ ပြား(၅၀)တန် ခရစ်ယာန် ကျွန်တော်သည် ဇရာဝတီ မြစ်ကမ်းနားဘေး ပြည်မြို့ မြစ်ကမ်း နဖူးစပ်တွင် ရှိသော အသင်းတော်တစ်ခုတွင် ငယ်စဉ်က ရုံဖန်ရံခါသာ ပါဝင်ကြီးပြင်းလာပါသည်။ အဖေသည် ယုံကြည်သူတစ်ယောက် ဖြစ်သည့်အတွက် သားသမီး ခြောက်ယောက် ထဲတွင် သားသမီး အကြီး ဖြစ်သော ကျွန်တော့်ကို ခရစ်တော်၏ သားသမီး ဖြစ်စေ လိုပါသည်။ အမေသည် ကျွန်တော့်ကို ချစ်လား၊ အဖေ့ ဆန္ဒကို လိုက်လျောသည်လား ဒါမှ မဟုတ် ဘုရားသခင်ကို စိတ်ထဲ၌ သိနေလား မပြောတတ်၊ အဖေ့ ဆန္ဒ အပေါ် ဘာတစ်ခုမျှ မကန့်ကွက်ခဲ့။ ဖခင်နှင့် မိခင်တို့ကြား ကျွန်တော် ဘာသာတရားကို ကိုးကွယ်မှုအတွက် မည်သည့်ပြဿနာ အကြီးအသေးမျှ မပေါ်ရှိခဲ့။ သို့သော် အဓိက ပြဿနာ ရှင်မှာ ကျွန်တော်ပင် ဖြစ်ပြီး၊ မိခင်ဘက်မှ အဖွားသည် အရေးကြီး ဇာတ်ပို့ ဇာတ်ရန် ဖြစ်ပါသည်။

ကျွန်တော်၏ ငယ်စဉ်ဘဝတွင် Sunday School သို့ မေ့ လောက်မှ တစ်ကြိမ် ပေါ်လာခဲ့ပါသည်။ အသင်းတော် ဝတ်ပြုခြင်း အစီအစဉ်တွင် ကျန် ကလေးများနှင့် အတူ ရှေ့သို့ထွက်ပြီး ရွှေကျမ်းချက် တစ်ခါမျှ ရွတ်ဆို မပြဖူး။ သို့သော် ခရစ်စမတ် ပွဲမူကား ကျွန်တော် တစ်နှစ်မျှ အလွတ် မပေးခဲ့ Choral Singing ထွက် သည်မှ ဒီဇင်ဘာ ၂၅ ရက်နေ့ အသင်းတော် ခရစ်စမတ် ဝတ်ပြုခြင်း ပြီးလို့ နှစ်သစ် ကျေးဇူး တော် ချီးမွမ်းသည့် အိမ်များသို့တိုင် လိုက်လံ ပါဝင်ပြီး ဖခင်၏ ဘာသာ တရား ဘက်၌ တာဝန်ကျေပွန်စွာ ရိုးရာမပျက် ပါဝင် ဆင်နွှဲခဲ့ပြီး မိခင်ဘက်က အဖွားနှင့်အတူ ၁၂ လ ရာသီပွဲ တစ်ခါမျှ မလွတ်စတမ်း ပါဝင် ဆင်နွှဲခဲ့ပါသည်။ ထိုသို့ အနှစ်သာရမဲ့ ရေဆုန် မျှောနေသည့် ပျောက်ဆုံးလုနီးပါး သိုးမည်း တစ်ကောင် ကျွန်တော့်ကို ဘုရား သခင်သည် မစွန့်မပစ်ပါ။ အသွေးတော်နှင့် ဝယ်ယူကာ နောင်တလမ်းသို့ ပို့ဆောင် ပေးခဲ့ပါသည်။ ပြက္ခဒိန်နှစ်တို့ ကုန်ဆုံးပြီး ကာလအချိန်တို့ လွန်မြောက် ပြောင်းလဲ သွားသော်လည်း ကျွန်တော်၏ အသင်းတော်တွင် မပြောင်းလဲသော အရာ တစ်ခု ရှိပါသည်။ ထို မပြောင်းလဲ သေးသော အရာလေးသည် ယနေ့ထက်တိုင် ကျွန်ုပ် ရင်တွင်းဝယ် နှလုံးသား ဖတ်စာ တစ်ခု ဖြစ်တည်ရှိနေဆဲပါ။ ကျွန်တော် ငယ်စဉ်က အစိမ်းရောင် ပိတ်သားစ ပေါ်တွင်ဖြစ်ပြီး ယခု အနီရောင်သို့ ပြောင်းလဲ သွားသည်မှ အပ ကျမ်းချက် ကလေးမှာ မူမပြောင်းလဲခဲ့။ (ဖိလိပ္ပိ ၂း၅) ယေရှုခရစ်၌ ရှိသော ထို စိတ်သဘောကို သင်တို့စိတ်နှလုံး၌ ရှိစေကြလော့။ ထိုစဉ် အချိန်များက ကပြား



သခင့်စကား မိဘဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၆၉ စက်တင်ဘာလ ၂၀၁၅ ခုနှစ်။
နိုင်ငံခြားမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ကန့်သတ် ထုတ်ဝေသည်။

မလုပ်နဲ့၊ ဆိုတဲ့ စကားကျတော့။ ဟဲ့ - ကလေးတွေကို လူကြီးကို "ပြောင်ရှော်ရှော်" လုပ်မနေနဲ့နော် လို့ ဆိုပြန်ပါတယ်။ နောက်ဆုံး စကားကတော့ "ချဉ်ပေါင်ရွက် ချဉ်ရည်ဟင်းကို ချဉ်ချဉ်လေး ချက်ထားပါ" ဆိုတဲ့ စကား ကိုတော့ "ရှဉ်ပေါင်ရွက် ရှဉ်ရည်ဟင်းကို ရှဉ်ရှဉ်လေး ရှက်ထားပါ" လို့ အသံထွက်ကြပါတယ်။ သူတို့ စကားနဲ့ သူတို့ ကတော့ ဟုတ်နေတာပါဘဲ။ ရန်ကုန်က လာတဲ့ ကျနော့်မှာတော့ သူတို့ ဘာပြောပြော ဟာသကြီး ဖြစ်နေလို့ တဟား ဟားနဲ့ ရယ်လို့ မဆုံးပါဘူး။

တစ်ချို့က စကားပြောရင် အာဘောင်အာရင်း သန်သန်နဲ့ အကျယ်ကြီး ပြောတတ်ကြပါတယ်။ ကျနော့် သူငယ်ချင်း သိန်းဝင်း ဆိုတဲ့ သူတစ်ယောက်ရှိပါတယ်။ သူ စက်ရုံထဲ ဝင်လာရင် အဝေးကြီးကနေ သူပြောတာကို ကြားနေ ရပါတယ်။ အသံကျယ်တဲ့အပြင် အငြင်းလဲ သန်သလို ပေါက်ပေါက်ရှာရှာ စကားလဲ မပြတ်တမ်း ပြောတတ်သူပါ။ သူနဲ့ ၅နှစ်လောက် မတွေ့ဖြစ်တဲ့အခါ အခြား သူငယ်ချင်း တစ်ယောက်ကို သိန်းဝင်းတစ်ယောက် ဘာလုပ်နေလဲ သဘော် လိုက်တုန်းလား ဆိုတော့ သိန်းဝင်း သေပြီတဲ့ ဘာရောဂါနဲ့လဲ ဆိုတော့။ ဘာရောဂါမှ မဟုတ်ဘူး အလုပ်က အပြန် သူ့မိန်းမနဲ့ မြောက် ဒဂုံ အိမ်မှာ ထမင်းစားရင်း စကားပြောတာ စားပိုး နင့်ပြီး သေသွားတယ်တဲ့။

သမ္မာကျမ်းစာထဲမှာ ပထမဦးဆုံး စကားအားဖြင့် ကျဆုံးသူ ကတော့ လူမိန်းမ ဧဝ ဖြစ်တယ်လို့ ပြောရင် မမှားပါဘူး။ ဧဝ ဟာ စာတန် ရဲ့ စကားကို ဘုရားသခင် ပြောတဲ့ စကားလို့ ထင်နေပါတယ်။ သူ ကြိုက်တဲ့ စကား။ သူ လိုချင်တဲ့ စကား။ သူ နှစ်သက်တဲ့ စကား ပြော သူ စာတန်ကို ဘုရားသခင် စေလွှတ်တဲ့ သူ။ ဘုရားရဲ့ လူ လို့ ထင်နေပုံ ရပါတယ်။

ကျနော်တို့ ယုံကြည်သူတွေ အနေနဲ့ကလဲ အသင်းတော် ဝတ်ပြု စည်းဝေး။ ကျမ်းစာ သင်တန်းတွေကို တက်တဲ့အခါမှာ ကျနော်တို့ အကြိုက် သင်းအုပ် ဆရာ။ ကိုယ့်ကို နှစ်သိမ့်စေမဲ့ စကားပြောသူ။ ကိုယ်နဲ့ တည့်သောသူ တွေ ရှိတဲ့ နေရာ တွေကိုဘဲ ရွေးပြီး သွားတတ်ကြပါတယ်။ ကိုယ်မကြိုက်တဲ့ ဆရာတွေ ဟောရင် သင်တန်း မတက်တာတို့ ဘုရားကျောင်းသွား မတက်တာတို့ ဖြစ်တတ် ပါတယ်။ အဲ - ကိုယ် မကြိုက်တဲ့ သူတွေ ရှိတဲ့ နေရာ။ ကိုယ့်အကြိုက် မဟောတဲ့ ဆရာ တွေ မရှိရင် နောက်ဆုံး ဘုရားကျောင်း ပြောင်းသွားတဲ့ အထိ ဂိုဏ်းပြောင်း သွားတဲ့ အထိ ပါဘဲ။ ကိုယ့် အကြိုက် ဟောတဲ့ ဆရာတွေ နောက်ကို တကောက် ကောက် လိုက် နေတဲ့ ယုံကြည်သူတွေ ဒုနဲ့ ဒေး ပါဘဲ။ နေ့စဉ်နဲ့အမျှ လူတွေဟာ လျှာရဲ့ နောက်ကို လိုက် နေ ရပါတယ်။ စကားပြော တော်တဲ့ လူရွှင်တော်။ တရားဟောသူ။ ဘာသာရေး သမား များ။ စကားပြော ကောင်းတဲ့ ဈေးသည်။ စကားပြော လည်တဲ့ ဗေဒင်ဆရာ။ ကျောင်း ဆရာ၊ ကျူရှင်ဆရာ။ နိုင်ငံရေးသမား။ ဘုန်းတော်ကြီး တွေကတော့ ပေါ်ပြူလာ အရမ်း ဖြစ်ကြ တာပေါ့ဗျာ။ အဲဒီလို စကား ပြောတာ လူကြိုက် များတဲ့ အတွက် စကားပြော စက်နဲ့ တယ်လီဖုန်းတွေ နိုင်ငံတကာမှာ ရောင်းအား ကောင်းသလို စကား ပြော ကောင်းတဲ့ သူရှိရာ နေရာမှာ လူတွေ စုဝေး နေတတ် ကြ တာပေါ့။ ဒီနေရာမှာ ဘာကို ဆင်ခြင် မိသလဲ ဆိုရင် ကိုယ့်အကြိုက် ဟောတဲ့ ဆရာတွေနောက် မလိုက်ဘဲ ဘုရား စကား ဟောတဲ့ ဆရာတွေနောက်ကို လိုက်ဖို့ လိုတယ် ဆိုတာပါဘဲ။ (၂တိ ၂း၁၆ - တရားမဲ့ ဖြစ်သော အချည်းနှီး စကားကိုရှောင်လော့။ အကြောင်းမူကား ထိုစကားသည် မတရား သော အမှုတို့ကို ပွားများစေလိမ့်မည်။ သူတို့၏ စကားသည် ခူနာ ကဲ့သို့ စားလိမ့် မည်။) ။ ။ မင်းအောင်သက်လွင်

-------------------------------------------

# ဆရာမ မို့ -

ဆရာမ မို့- *(မင်းအောင်သက်လွင်)*



ဆရာမ မို့- စာသင်ကျောင်းကို ကုန္ဓြေ ရရ သွားချင် လာချင်ပေမဲ့ -
ဆရာမ မို့ - ဆံကေသာ ပိတုန်းထက် ပန်းသဇင် ပန်ဆင်လိုက်ချင်ပေမဲ့ -
ဆရာမ မို့ - စာသင်သွားရင် မှုန်နံ့သာ သနပ်ခါး ပါးကွက်ကြားဘဲဖြစ်ဖြစ်၊
ဆရာမ မို့ - မော်ဒယ် ကာလာ မိတ်ကပ် လိုင်နာဘဲ ဖြစ်ဖြစ် အလှဆင် လိုက်ချင်ပေမဲ့-
ဆရာမ မို့ - ပိုးဇာအင်္ကျီ ယောထမီ နဲ့ ကျော့ကျော့မော့မော့ ခေါင်းမော့ ထားချင်ပေမဲ့-
ဆရာမ မို့- ဇာပုဝါ ပုခုံးနှစ်ဘက်ကြား အသာလွှားလို့ ဝါကြွားလိုက်ချင်ပေမဲ့ -
ဆရာမ မို့ --- ။ ဆရာမ မို့---- ။ ဆရာမ မို့----- ။ ။ (အခုတော့ ရှင် - - - - - - )
ဆရာမ မို့ - စာသင်ကျောင်းကို သိုင်းကွက်နင်းကာသွားရတယ်။
ဆရာမ မို့ - စာသင်ကျောင်းကို ထမီခါးတောင်းကျိုက် မတတ် သွားရတယ်။
ဆရာမ မို့ - စာသင်ကျောင်းကို ကောက်စိုက်သမ လို ယူနီဖောင်းနဲ့ သွားရတယ်။
ဆရာမ မို့ - စာသင်ကျောင်းကို လယ်သမားလို ရွှံ့တွေဗွက်တွေ လူးခဲ့ရတယ်။
ဆရာမ မို့ - စာသင်ကျောင်းကို ဖိုးယိုးဖားယား သွားခဲ့ရတယ်။
ဆရာမ မို့ - စာသင်ကျောင်းကို ကသောင်းကနင်း သွားခဲ့ရတယ်။
ဩော် - သူတို့လေးတွေ၊ ကျောင်းနေ ပျော်၍ စာတွေ တော်ရင်
ဆရာမ မို့ - ဆရာမ ဖြစ်ရကျိုး နပ်ပါတယ်။ ။ (မင်းအောင်သက်လွင်)
*(၄ -၉ -၂၀၁၅ ၊ အပြည်ပြည်ဆိုင်ရာ ဆရာများနေ့ ဂုဏ်ပြုကဗျာ)*


-----------------------------------------------------------------

## ၁၄ နှစ်ပြည့်ဥဒါန်း *မင်းအောင်သက်လွင်*

ကျမ်းစာကျောင်း မဆင်း ။ ဘွဲ့ မရ။ သင်းအုပ် မဟုတ်။ သီလ မလုံ။ အကျင့် မကောင်း။
ဘာမှ မရှိတဲ့ သူည ဘဝ ငါ့လိုကောင် ၊ ဘယ်သူက ဘယ်နေရာမှာ သုံးလို့ ရမှာလဲ။
ကောင်းသူ ကို ဘေးဖယ်၍ ၊ ဆိုးသူ ကို ရွေးချယ်တဲ့ သခင် ။



မြတ်သူ ကို ဘေးဖယ်၍ ၊ ယုတ်သူ ကို ရွေးချယ်တဲ့ သခင် ။
တော်သူ ကို ဘေးဖယ်၍ ၊ ချော်သူ ကို ရွေးချယ်တဲ့ သခင် ။
ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှာ မိုက်သောသူတို့ကို ရွေးချယ်တော်မူ၏။
အစွမ်းသတ္တိ ရှိသူတို့ကို ရှက်ကြောက်စေခြင်းငှာ အားနည်းသူကို ရွေးချယ်တော်မူ၏။
မြတ်သော သူတို့ကို ရှက်ကြောက်စေခြင်းငှာ -
ဆင်းရဲသောသူ။ မရေရ သောသူ။ ယုတ်သော သူတို့ကို ရွေးချယ်တော်မူ၏။
ဆိုတဲ့ ၊ အဲဒီကျမ်းချက် - ငါ့အတွက်များ သခင်က တမင်သက်သက် ရေးခဲ့လေသလား။
ဘုရင် သုံးရင် ခါးမ တုံး တောင် ထက် သတဲ့။ အခုတော့ သခင် သုံးပြီ ဆိုမှတော့
ငါ ဘာလို့ မထက် ရမှာလဲ။ ထက် သမှ သိပ်သိပ် ထက်။
ဟောဒီမှာကြည့်၊ ကျေးဇူးတော်ကြောင့် ၁၄ နှစ် ပြည့်မြောက်ခဲ့ပြီ။ ။
*(သခင့်စကား ၁၄ နှစ်ပြည့် - Sep 2001 – Sep 2015 )* အခြေပြုကျမ်း - ၁ကော ၁း၂၆-၃၀။




ကာတွန်း - မင်းအောင်သက်လွင်



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့်
Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက
Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက facebook account
lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။